သတိုးဇော

# ANUBIS

# အနူးဘစ်



# နိဒါန်း

လမိုက်ညဖြစ်သော်လည်း ဆိပ်ကမ်းရှိ သင်္ဘောမှ ချသော ကွန်တိန်နာကြီးများကို သိုလှောင်ရာ နေရာဖြစ်သောကြောင့် ဆိုဒီယမ်မီးတိုင်များ ၏ အလင်းရောင်ဖြင့် တောက်ပနေလေ၏။ ၅ မိုင်ခန့်ရှည်လျားသည့် ဆိပ်ကမ်းကုန်တင် ကုန်ချဝင်းကြီးတစ်ခုလုံးထဲတွင် ပြန့်ပြူးကျယ်ပြောလှသည့် ကတ္တရာလမ်းမတစ်ခုက ရှည်လျားသော ပေကြိုးအနက်ရောင်တစ်ချောင်းလို ဖြောင့်စင်းစွာ လဲလျောင်းနေသည် ။

"ဂူး…ဂူး…ဂူး"

လမ်း၏ အဆုံးသတ် ဂိတ်တံခါးဝနှင့် မလှမ်းမကမ်းနေရာတွင် ပြိုင်ကားအသစ်စက်စက် လေးစီးသည် လီဗာများကိုပုတ်ကာ မာန်ဖီဟစ်ကြွေးနေ၏။ ဘေးတွင် ဝန်းရံကာ ရယ်မောအားပေးနေကြသော ဆယ်ကျော်သက်ကလေးများကလည်း လက်ထဲတွင် ဘီယာဘူးကိုယ်စီနှင့် ....

ရန်ကုန်မြို့ အထက်တန်းလွှာလူတန်းစားမှ မွေးဖွားလာသော ဆယ်ကျော်သက်လူငယ်တစ်သိုက်၏ သိန်းရာဂဏန်းမျှ လောင်းကြေးထပ်ကြသော ကားပြိုင်ပွဲတစ်ခုပင်။ သူတို့ အဖို့ ကတော့ ပိုက်ဆံဆိုသည် မှာ ဒီလိုသုံးဖြုန်းရမ်းကားစရာ အသုံးချခံပစ္စည်းသက်သက်ဟု သဘောထားဟန်တူသည် ။

အသိဉာဏ်မရင့်ကျက်သေးခင် လုပ်ချင်တိုင်းလုပ်ခွင့်ရနေတော့လည်း ဒီလိုပဲပေါ့.

ကားစတီယာရင်ကို ကိုင်ထားကြသော လူငယ်လေးများ ၏ မျက်နှာက ကြွတ်ဆတ်ဆတ်၊ မိုက်ကန်းကန်းနှင့်။

ပြိုင်ကား ၄ စီး .... ချာတိတ် ၄ ယောက်။

သူတို့ အားလုံး ဒီလိုပုံစံတွေချည်း။ သူတို့ ဘေးမှာ ပေါင်ရင်းနီးပါးခန့်တိုသော ဘောင်းဘီအပြတ်ဝတ်ဆင်ထားသည့် မိန်းကလေးလှလှကိုယ်စီနှင့်။ သူတို့ ၏ ပြိုင်ကားတွေက ဦးတမော့မော့နှင့် တာထွက်မောင်းနှင်ရန် ဟန်ချီနေသလို ပြိုင်ပွဲဝင်မည့် ကောင်လေးတွေ၏ ဘေးမှာ ထိုင်လိုက်မည့် မိန်းမလှလေးတွေကလည်း ရီဝေစွာ တဟီးဟီး တဟားဟား ရယ်မောနေကြသည် ။

သူတို့ အားလုံး ဘီယာမူးနေသည် လား၊ အရက်မူးနေကြသည် လား ဒါမှ မဟုတ် မူးယစ်ဆေးဝါးတစ်မျိုးမျိုးပဲလား မပြောတတ်။ ထိုစဉ် ....

“ကဲ… ဘယ်လိုလဲ … ရယ်ဒီပဲလား။ တာလွှတ်တော့မယ်”

တစ်ထွာသာသာခန့် စကတ်တိုတိုကားကားလေးကို ဝတ်ထားသည့် မိန်းကလေးတစ်ယောက်က ကားရှေ့မီးများ ထိုးထားသည့် ပြေးလမ်းပေါ်ရပ်ကာ အလံထောင်ပြရင်း မေးလိုက်၏။ ပြိုင်ကား ၄စီးမှ ကောင်လေးအသီးသီးက…

“အိုအေ…”

“ရယ်ဒီပဲ”

“စရအောင် … စရအောင်”

စသဖြင့် အသီးသီးတို့ပြန်လိုက်ရင်း ကားမှန်များကို တင်လိုက်ကြသည် ။ အင်ဂျင်စက်သံများက ဟိန်းဟိန်းညံသွားကြ၏။ တာလွှတ်မည့် ကောင်မလေးက လက်ထဲမှ အလံဖြင့် ဖျတ်ခနဲ အချက်ပြလိုက်သည် နှင့် တစ်ပြိုင်နက် …

“ဝေါ…ဝေါ…ဝေါ…”

ကြောက်မက်ဖွယ်ကောင်းသောအရှိန်များ ဖြင့် ပြိုင်ကား ၄ စီးသည် ရုတ်ခြည်း လေကိုထိုးခွဲကာ ဆောင့်ထွက်သွားကြသည် ။ ရပ်ကြည့်နေကြသည့် သူငယ်ချင်းများကို လေအရှိန်ဟပ်သွားသည် ကပင် ကြောက်မက်ဖွယ်ရာ။

“ဟာ…ဟာ ဟိုမှာ ကြည့်စမ်း”

ရပ်ကြည့်နေသူအချို့က အလန့်တကြား အော်ဟစ်လိုက်သည် ။ အကြောင်းကတော့ ပြိုင်ကားများ ၏ ပြေးလမ်းပေါ်သို့ အဖြူရောင် Mark II ကားတစ်စီးက ကန့်လန့်ဖြတ်ဝင်ပြီး ပိတ်ရပ်လိုက်သောကြောင့် ဖြစ်သည် ။

“ဟာ… အဲဒါ ဘယ်ကကားလဲ။ သေတော့မှာ ပဲ”

ရပ်ကြည့်နေသူတွေတောင် ထိတ်ခနဲလန့်သွားမှ တော့ ပြိုင်ကားပေါ်က လူငယ် ၄ ယောက်အဖို့ ဆိုဖွယ်ရာမရှိ၊ ဘယ်က မောင်းဝင်လာမှန်းမသိသော Mark II ကားနှင့် မတိုက်မိအောင် ဘရိတ်ဆောင့်နင်းသူ နင်း၊ ဘေးသို့ ဆွဲချသူချနှင့် အလန့်တကြား ရှောင်လိုက်ရ၏။

ပြိုင်ကားမောင်းသည့် လူငယ်များက ဒေါသဖြင့် ….

“ဟာ … ဒီကား ဘာလုပ်တာလဲ shit”

“တောက်…သေတော့မှာ ပဲ”

"ဘယ်က စောက်ရူးဝင်လာတာလဲ၊ တိုက်မိကုန်တော့မှာ ပဲ"

"အဲဒီကောင် ... ဘာစောက်ချိုး ချိုးတာလဲ၊ ရှုပ်တယ် ဖွဲ့ကွာ"

ကားပေါ်မှ ကောင်လေးများက ဆဲသလို အတူတွဲထိုင်နေကြသည့် ကောင်မလေးများကလည်း ဝင်ဆဲ၏။ ထို့နောက် သူတို့ ဆဲရုံနှင့် အားမရဘဲ ကားပေါ်မှ အားလုံးဆင်းလိုက်ကြကာ Mark II ကားဆီသို့ တရကြမ်း ပြေးသွားလိုက်ကြသည် ။

Mark II ကားတံခါးဖွင့်ကာ ဆံပင်တိုတို၊ အသားဖြူဖြူနှင့် လူငယ်တစ်ယောက် ဆင်းလာသည် ။ အရွယ်ချင်း သိပ်မတိမ်းမယိမ်းရှိလှသော ထိုလူငယ်ကို မြင်သည့်အခါ ကားပြိုင်မည့်ချာတိတ်များက ပို၍ မျက်နှာကြောတင်းသွားကြ၏။ ကားပေါ်မှ ဆင်းလာသည့်လူငယ်က တစ်ခုခုကိုရှင်းပြဖို့ ချီတုံချတုံဖြစ်နေပုံရ၏။ သူ့နှုတ်မှ စကားသံက ခပ်လေးလေးပင် ထွက်ပေါ်လာ၏။

"ဒီ... ဒီလိုပါ ... ကျွန်တော် ... က ... လပြည့်ကျော်ပါ။ ကားပြိုင်တာကိုရပ် ..."

"လပြည့်တွေ ... လကွယ်တွေ မိတ်ဆက်မနေနဲ့ စောက်ရူးရဲ့ ။ မင်းလုပ်တာ ငါတို့ အားလုံး သေသွားနိုင်တယ်...နားလည်လား"

"ကြာပါတယ် ထိုးကွာ၊ မျက်ခွက်ကို ဖြတ်ရိုက်ပစ်...ရိုက်"

ဒေါသတကြီးဖြစ်နေကြသော ချာတိတ်များက လပြည့်ကျော်ရှင်းပြသည် ကို နားထောင်ဘဲ ဝိုင်းထိုးကြ၏။

"ဖုံး...ဖုံး...ခွပ်..."

"အား...မလုပ်နဲ့ ....အား... ကားပြိုင်ပွဲကို ရပ်လိုက်ကြ...အား"

လပြည့်ကျော်ကတော့ မျက်နှာကိုမထိအောင် လက်နှစ်ဖက်ယှက်ခံရင်း တောင်းပန်နေ၏။ ပြိုင်ကားရှင် ချာတိတ်တွေကတော့ အကာအကွယ်မဲ့နေသည့် လပြည့်ကျော်၏ ကျောကုန်းနှင့် ရင်ဘတ်များကို တဖုံးဖုံးမြည်အောင် ခြေစွမ်းလက်စွမ်းပြနေသည် ။ လပြည့်ကျော် ခွေကျသွားရာမှ အားယူပြီး…

“ မဟုတ်ဘူး … မဟုတ်ဘူး …ဟို… ကားအပြာရောင်မှာ မကောင်းဆိုးဝါး”

လပြည့်ကျော်၏ စကားပင် မဆုံးလိုက်၊ ‘ဘာ’ ဟူသော ကြိုးဝါးသံနှင့်အတူ အပြာရောင်ပြိုင် ကားပိုင်ရှင်ချာတိတ်က လပြည့်ကျော်၏ အင်္ကျီကော်လံနှစ်ဖက်ကို ဆောင့်ဆွဲပြီး ထူမလိုက်၏။ လပြည့်ကျော်က…

“ကျွန်တော်ပြောတာ ယုံ၊ အဲဒီကားအပြာရောင်ကို မမောင်းနဲ့ ”

“ကဲကွာ…”

“ခွပ်…”

“အား…”

အပြာရောင်ပြိုင်ကားပိုင်ရှင်ချာတိတ်၏ လက်သီးက မေးရိုးတည့်တည့်ကိုထိသဖြင့် လပြည့်ကျော်က ပက်လက်လန်ကာ လဲကျသွား၏။ ထိုစဉ် ….

“မလုပ်နဲ့ … မလုပ်နဲ့ ဂျင်မီ တော်တော့”

ဟူသောအသံနှင့်အတူ အပြာရောင်ပြိုင်ကားပေါ်မှ မိန်းကလေးတစ်ယောက် ခပ်သုတ်သုတ် ပြေးဆင်း လာပြီး ဂျင်မီ၏ လက်ကို ဆွဲထားလိုက်သည် ။ ထိုမိန်းကလေးပင် ဆက်၍ …

“နင်တို့ ကလည်း စွပ်ပြီးလုပ်မနေနဲ့ ။ ဒီလူသေသွားရင် ပြဿနာတွေ ရှုပ်ကုန်လိမ့်မယ်။ သွား ... ကားပေါ်တက်ကြတော့..”

ချာတိတ်တွေ အသီးသီး ကိုယ့်ပြိုင်ကားပေါ် ကိုယ် ပြန်တက်သွားကြတော့မှ ထိုမိန်းကလေး လပြည့်ကျော်ကိုဆွဲထူရင်း ...

“ကဲ...ကဲ...ရှင်လည်း ဒီနေရာက အမြန်ဆုံးဒိုးတော့။ နောက်ဆိုသူများကိစ္စ ဝင်မပါနဲ့ ”

လေသံတင်းတင်းဖြင့်ပြောပြီး ပြိုင်ကားဆီသို့ ချာခနဲလှည့်ထွက်သွားလေတော့သည် ။ လပြည့်ကျော်က မျက်လုံးအစုံ မှုန်ဝါးကာ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ သို့သော် နာကျင်နေသည့်ဒဏ်ရာများကို အမှုမထားနိုင်ဘဲ သူ၏ Mark II ကားပေါ်တက်ကာ စက်နှိုးပြီး Reverse ဂီယာဖြင့် နောက်ဆုတ်၍ ပြိုင်လမ်းပေါ်မှ ဖယ်ပေးလိုက်ရသည် ။

လပြည့်ကျော်၏ မျက်လုံးတွေက စိုးရိမ်သောကဖြင့် ရီဝေ မှိုင်းညို့နေကြ၏။

ဟော... ချာတိတ်တွေ ကားပြိုင်ပွဲကို ပြန်စကြပြီ။

ဝိုင်းကြည့်အားပေးနေသော လူငယ်တို့ ၏ လက်ခုပ်သံ၊ အော်ဟစ်သံများ နှင့်အတူ အလံချိုး အချက်ပြပြလိုက်သည် နှင့်တစ်ပြိုင်နက် ပြိုင်ကားလေးစီးက လေးညို့မှ လွှတ်လိုက်သော မြှားတွေလို တစ်ဟု န်ထိုးထွက်သွားကြသည် ။

“ဝေါ...ဝေါ..ဂူး”

အဖြစ်အပျက်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ပင်။ ပြိုင်လမ်းအဆုံးရောက်သည် နှင့် တစ်ပြိုင်နက် ကား ၄စီးစလုံးက အရှိန်မသတ်ဘဲ ဒရစ်ဆွဲ၍ ကွေ့ချလိုက်ရာ...

“ဝုန်း…ဒုန်း”

“အား…”

“ဟာ…သွားပြီဟေ့”

ဂျင်မီမောင်းနှင်သော အပြာရောင်ပြိုင်ကားလေးသည် အရှိန်ကိုမထိန်းနိုင်ဘဲ ကြီးမားလေးလံသော ကွန်တိန်နာသေတ္တာကြီးကို အားပြင်းပြင်းဝင်ဆောင့်ပြီး လည်ထွက်သွားလေတော့သည် ။ ဝိုင်းအုံကြည့်နေကြသူတွေအားလုံးရော တခြားပြိုင်ကားမှ လူငယ်တွေရော အပြာရောင်ပြိုင်ကားလေးဆီသို့ စိတ်ပူကြောင့်ကြစွာဖြင့် အပြေးအလွှား သွားကြသည် ။

သို့သော် အများကြီး နောက်ကျသွားခဲ့လေပြီ၊ တွန့်လိမ်ပျက်စီးနေသည့် ကားရှေ့ခန်းထဲတွင် ဂျင်မီဟု ခေါ်သော ချာတိတ်ကား အသက်ပျောက်လျက်။ ဂျင်မီဘေးက စီးနင်းလိုက်ပါလာသော ကောင်မလေးကလည်း ဝဲဘက်နားရွက်နောက် ဦးခေါင်းခွံရိုးပွင့်ထွက်ပြီး သေဆုံးနေလေသည် ။ ကားဒက်(ရှ်)ဘုတ်ပေါ်တင်သည့် အရုပ်ကလေးများကတော့ သွေးစွန်းလျက် ပြန့်ကျဲနေလေတော့၏။

*

လပြည့်ကျော်က ထိုအမင်္ဂလာမြင်ကွင်းကို လှမ်းကြည့်ရင်း ကြေကွဲဆို့နင့်လာသည် ။ သူသတိပေးသည် ကို မယုံကြည်စွာဖြင့် ကားပြိုင်ပွဲဆက်လုပ်ခဲ့ခြင်းကြောင့် အကျိုးဆက်ကတော့ လူ့အသက်တွေ ကြွေလွင့်ခဲ့ရလေပြီ။

သိပ်မကြာခင်မှာ ပင် ရဲကားများ နှင့် လူနာတင်ယာဉ်တို့ ရောက်လာပြီး ဖြစ်ပုံပျက်ပုံကို စစ်ဆေးမေးမြန်းနေကြ၏။ လပြည့်ကျော်က

ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး အကူအညီပေးရန်သွားဖို့ ခြေလှမ်းပြင် လိုက်မိသေးသည် ။ နောက်မှ တွေဝေတွန့်ဆုတ်စွာဖြင့် ဆက်မသွားဘဲ ရပ်နေမိ၏။

ထိုစဉ် ... ဘောင်းဘီတိုဝတ်ထားသော ကောင်မလေးတစ်ယောက် က သူ့ဆီ ဦးတည်ပြီးလာနေမှန်း တွေ့လိုက်ရ၏။ စောစောက သူ့ကို ဝိုင်း ရိုက်ကြသော ပြိုင်ကားအုပ်စုထဲမှ တစ်ယောက်ဖြစ်မည်ထင်သည် ။

ထိုမိန်းကလေးက ကြေကွဲဝမ်းနည်းနေသော မျက်ဝန်းများ ဖြင့် လှမ်းကြည့်ရင်း...

"ရှင်...ဘယ်သူလဲ"

"ငါ ... ငါ့နာမည် လပြည့်ကျော်၊ မင်း... မင်း ဘာလုပ်မလို့ မေးတာ လဲ"

"ကျွန်မ ရှင့်ကို တောင်းပန်သင့်တယ်ထင်တာပဲ။ ရှင် သတိပေးတာ ကို တခြားလူတွေ သတိမထားလိုက်မိပေမဲ့ ကျွန်မ သေသေချာချာ ကြား လိုက်တယ်။ အဲဒီကားကို မမောင်းဖို့ ရှင်ပြောနေတာလေ"

မိန်းကလေး၏ စကားကြောင့် လပြည့်ကျော် အံ့သြပြီး ဆက်ခနဲ ကြ ည့်လိုက်ပြီး...

"ဘာ...မင်း...ကြားတယ် ဟုတ်လား"

"ဟုတ်တယ်... ကြားလိုက်တယ်။ ရှင်ကရော... အဲဒီကားမှောက်မ ယ်ဆိုတာ ဘယ်လိုလုပ်ပြီး ကြိုသိနေတာလဲ"

"အဲ... ဘယ်လိုပြောရမလဲ။ အဲဒီကားကို ငါမြင်လိုက်ရတဲ့ အချိန်မှာ အဲဒီကားပေါ်ကို ကြောက်စရာကောင်းတဲ့ ပုံရိပ်တစ်ခုက အုပ်မိုးနေတ ယ်။ အဲဒီပုံရိပ်ဟာ သေခြင်းတရားကို ကိုယ်စားပြုတဲ့ ပုံရိပ်မျိုး။ ဒါနဲ့ ...

ငါ့စိတ်ထဲမှာ ဒီကားဟာ အန္တရာယ်ဖြစ်တော့မယ်ဆိုတာ အလိုလို ကြိုသိလာတယ်။ ဟို.. ဟိုဒင်း ငါပြောတာ ယုတ္တိမရှိသလိုများ ဖြစ်နေသလား။ ယုံရော ယုံရဲ့ လားဟင်”

လပြည့်ကျော်၏ အပြောအဆုံးတွင် ထိုမိန်းကလေးက ဝမ်းနည်းစွာ ငိုရှိုက်တော့မလိုနှင့် အသံကိုမတုန်အောင် အားတင်းပြီး ...

“ယုံရမှာ ပေါ့... မယုံဘဲ ရှင့်စကားကို ဂရုမစိုက်မိလို့ (မေးငေါ့ပြလျက်) ဟိုလိုမျိုးတွေဖြစ်ကုန်တာပေ့ါ။ ဆောရီးပါ ... ကိုလပြည့်ကျော်... ကျွန်မတို့ ကို ခွင့်လွှတ်ပါ”

ဟု ပြောရင်း ပြီးနောက် ကျောခိုင်းလှည့်ထွက်သွားမလို ပြင်လိုက်၏။ လပြည့်ကျော်က...

“ဟော့..ဟော့..သွားတော့မလို့ လား...မင်းက...”

ထိုမိန်းကလေးက လှည့်မကြည့်ဘဲ....

“ကျွန်မနာမည် ဆယ်လင်းလို့ ခေါ်တယ်။ အခါအခွင့်ကြုံလို့ ထပ်ဆုံရဦးမယ်ဆိုရင် ရှင့်ကိုတစ်လှည့်ပြန်ကူညီချင်ပါသေးတယ်။ ဒါပါပဲ။ Bye... ”

ဟု ပြောပြီး တစ်ဟု န်ထိုး ပြေးထွက်သွားတော့သည် ။ လပြည့်ကျော်ခမျာ ပါးစပ်အဟောင်းသားဖြင့် ငေးကျန်ရစ်ခဲ့လေတော့သည် ။

*